# Information Sheet



**VOLUME XI, ISSUE 28** 28 December 2021



| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား | ၁ |
| ၂ | တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းသား/ သင်တန်းသူများအား စစ်မှုထမ်းခန့်အပ်ခြင်းနှင့် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ | ၆ |
| ၃ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကျင်းပ | ၈ |
| ၄ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)နှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ လှည့်လည်ကြည့်ရှုစစ်ဆေး | ၉ |
| ၅ | အိန္ဒိယနိုင်ငံမှ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး(၆ ဒသမ ၇)သန်း ပထမအသုတ်ရောက်ရှိ | ၁၀ |
| ၆ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်လကျော်ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၄၆၇ သန်းရရှိ | ၁၃ |
| ၈ | မန်စီကျေးရွာအတွင်းရှိ ကျေးရွာသူ၊ ကျေးရွာသားများအား အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသောဆန်များ ထောက်ပံ့ပေးအပ် | ၁၃ |
| ၉ | ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတား၌ လက်လုပ်မိုင်းနှစ်လုံး အချိန်မီဖော်ထုတ်သိမ်းဆည်း | ၁၄ |

# Information Sheet

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား





တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာ သိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၁၉) နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၆)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက်က ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးခဲ့ပါသည်။ ထို့နောက် သင်တန်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခဲ့ကြပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က အမှတ်စဉ်(၁၉)သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းနှင့် အမှတ်စဉ်(၆)အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းမှ ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင်-

- “ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်” ဟူသည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့နှင့် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)ရရှိသူ စုစုပေါင်း ၅,၀၀၀ ကျော်ကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။
- အမိတက္ကသိုလ်မှ စစ်မြေပြင်တွင် ခြေလျင်တပ်စုတစ်စုကို ဦးဆောင်တိုက်ပွဲဝင်နိုင်စေရန် စစ်ပညာရပ်များကို လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆေးပညာရပ်တွင်လည်း စစ်မြေပြင်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူနေမှု**

သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာကျွမ်းကျင်သူ ပညာရှင်များဖြစ်သည်အထိ စာတွေ့လက်တွေ့သင်ကြား ပေးခဲ့ပြီးဖြစ်သဖြင့် မိမိတို့ တတ်ကျွမ်းသည့်ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်ကရရှိလာမည့် အတွေ့အကြုံများ နှင့်ပေါင်းစပ်၍ **“ကျွမ်းကျင်ကူညီဆေးစစ်သည်”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားမိသားစုဝင်များ၊ တိုင်း ရင်းသား ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ပေးသွားကြရ မည်ဖြစ်ကြောင်း။

- မိမိတို့တပ်မတော် လျှောက်လှမ်းခဲ့သည့် သမိုင်းစဉ်တစ် လျှောက်တွင် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် တပ်မတော်သား သူနာပြုများသည် အထက်မှပေးအပ်သည့်တာဝန်၊ ဝတ္တရား များကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ကြပြီး စစ်ဘက်စွမ်း ရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်များဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက် မှတ်ရရှိသူ ၁ ဦး၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၉ ဦးရှိ ခဲ့ပြီးဖြစ်ကြောင်း။
- ကမ္ဘာ့သူနာပြုလောကတွင် အမြင့်ဆုံးဆုဖြစ်သော မြန်မာ့ ပထမဆုံးဖလောရင့် နိုက်တင်ဂေးဆုရှင် ဗိုလ်မှူးဒေါ်ခင် အုန်းမြသည်လည်း သူနာပြုအတတ်ပညာစွမ်းရည်ဖြင့် တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြောင်း။
- အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် အနောက်တိုင်း ဆေးပညာရပ်များကို လေ့လာဆည်းပူးနေသကဲ့သို့ မြန်မာ့ တိုင်းရင်းဆေးပညာရပ်သည်လည်း အများပြည်သူ အား ကိုးအားထားရသည့်ပညာရပ်တစ်ခုဖြစ်ခြင်းကြောင့် ခေတ်မီ နည်းပညာရပ်များနှင့် ပေါင်းစပ်ထုတ်လုပ်နိုင်ရေး တီထွင် ကြံဆလုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း။
- တိုင်းရင်းဆေးဝါးဖော်စပ်မှုအပိုင်းတွင်လည်း စစ်မှန်ပြီး အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးကုန်ကြမ်းပစ္စည်း များကို ရွေးချယ်အသုံးပြုခြင်းနှင့် ဆေးဝါးအရည်အသွေးကို ထိန်းသိမ်းနိုင်စေရန်အတွက် ဖော်စပ်မှုအဆင့်တိုင်းတွင် အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်းများကို ဆောင် ရွက်လျက်ရှိကြောင်း။
- **“နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏”** ဟူသည့် ဆိုရိုးစကား အတိုင်း မိမိတို့နိုင်ငံတွင်လည်း ဆေးဝါးထုတ်လုပ်နိုင်သည့် ဆေးဖက်ဝင်သစ်ပင်မျိုးစုံနှင့် သစ်ဥသစ်ဖုများသည် နိုင်ငံ အနှံ့အပြား ပေါက်ရောက်လျက်ရှိခြင်းကြောင့် တာဝန်ကျ ရာဒေသ အသီးသီးတွင်ရှိသည့် ဆေးဖက်ဝင်အပင်မျိုးစုံကို မိမိတို့တတ်ကျွမ်းနားလည်ထားသည့် ဆေးဝါးကျွမ်းကျင်မှု ဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး သုတေသနလုပ်ငန်းများကို ကြိုးစားဆောင်ရွက် သွားကြရန်လိုကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကျောင်းဆင်းတပ်ခွဲအား စစ်ဆေးနေမှု**

- ယနေ့ခေတ် နိုင်ငံတကာဆေးပညာနယ်ပယ်တွင် ရုပ်သံဆက်သွယ်မှုနည်းပညာများကို အသုံးပြုပြီး ဝေးကွာသောဒေသများသို့ ဆေးအကာအကွယ်ပေးခြင်းနှင့် ဆေးဘက်ဆိုင်ရာကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ပေးသည့် Telemedicine နည်းပညာကို စစ်မြေပြင်ဆေးပညာ (Military Medicine)အဖြစ် ထိရောက်တွင်ကျယ်စွာ အသုံးပြုလာသည်ကို တွေ့ရှိရကြောင်း။
- တပ်မတော်သားဘဝကို ခံယူပြီးဖြစ်သည့်အတွက်ကြောင့်လည်း စစ်ဘက်ဥပဒေအပြင် နယ်ဘက်ဆိုင်ရာဥပဒေများကိုပါ လေးစားလိုက်နာပြီး သူနာပြုနှင့် ဆေးဘက်ပညာသည်များဖြစ်သောကြောင့် ဆေးဘက်ဆိုင်ရာကျင့်ထုံးဥပဒေများကိုပါ လိုက်နာရမည့်နည်းတူ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာကိုလည်း သာမန်ထက်ပိုပြီး စောင့်ထိန်းသွားကြရမည်ဖြစ်ကြောင်း။
- တပ်မတော်၏ သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ပကျူးကျော်သူများနှင့် ဖောက်ပြန်သည့်နိုင်ငံရေးအင်အားစုများသည် တပ်မတော်ကိုဖြိုခွဲရန် အကြိမ်ကြိမ်ကြံစည်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ တပ်မတော်၏ စည်းလုံးညီညွတ်မှုသာ မှတ်ကျောက်တင်ခံနိုင်ခဲ့ကြောင်း။
- တပ်မတော်သားများနှင့် မိသားစုဝင်အားလုံးအကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များ တူမည်ဆိုပါက စည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်ကြောင်းနှင့် စည်းလုံးညီညွတ်မှုကို စိတ်ဓာတ်ဖြင့်သာ တည်ဆောက်နိုင်ကြောင်း။
- စိတ်ဓာတ်ကောင်းမွန်စေရေး တစ်ဦးချင်း စည်းကမ်းလိုက်နာစောင့်ထိန်းမှု ကောင်းမွန်ရန်အရေးကြီးကြောင်း၊ လိုက်နာရန်လိုအပ်သည်များကို လိုက်နာပြီး စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ပြီး မိမိ၏လက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကာ ရသင့်ရထိုက်သည့်အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း။
- ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပြီး သူနာပြုနှင့်ဆေးဘက်ပညာဆိုင်ရာ အထူးကျွမ်းကျင်သူများဖြစ်လာစေရေး မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းဌာနချုပ် ညှော့ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၂-၂၀၂၁)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ထူးချွန်ဆုရရှိသည့်သင်တန်းသား၊ သင်တန်းသူများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားနေမှု

- တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့။
- မိမိတို့တပ်မတော် လျှောက်လှမ်းခဲ့သည့် သမိုင်းစဉ်တစ်လျှောက်တွင် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် တပ်မတော်သားသူနာပြုများသည် အထက်မှပေးအပ်သည့် တာဝန်၊ ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့။
- အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် အနောက်တိုင်းဆေးပညာရပ်များကို လေ့လာဆည်းပူးနေသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာရပ်သည်လည်း အများပြည်သူ အားကိုးအားထားရသည့် ပညာရပ်တစ်ခုဖြစ်ခြင်းကြောင့် ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆလုပ်ဆောင်နေကြရမည်ဖြစ်။
- တိုင်းရင်းဆေးဝါးဖော်စပ်မှုအပိုင်းတွင်လည်း စစ်မှန်ပြီးအရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးကုန်ကြမ်းပစ္စည်းများကို ရွေးချယ်အသုံးပြုခြင်းနှင့် ဆေးဝါးအရည်အသွေးကို ထိန်းသိမ်းနိုင်စေရန်အတွက် ဖော်စပ်မှုအဆင့်တိုင်းတွင် အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်းများကို ဆောင်ရွက်လျက်ရှိ။
- တပ်မတော်၏သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ပကျူးကျော်သူများနှင့် ဖောက်ပြန်သည့်နိုင်ငံရေး အင်အားစုများသည် တပ်မတော်ကိုဖြိုခွဲရန် အကြိမ်ကြိမ်ကြံစည်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ တပ်မတော်၏ စည်းလုံးညီညွတ်မှုသာ မှတ်ကျောက်တင်ခံနိုင်ခဲ့။
- တပ်မတော်သားများနှင့် မိသားစုဝင်အားလုံးအကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များတူမည်ဆိုပါက စည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ ဆုရသင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်ပေးအပ်နေမှု



အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသား မင်းကိုကိုခန့်




အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ သဥ္ဇာထွေး



လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား ကျော်တိုး



လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ အေးအေးမျိုး



စာပေထူးချွန်ဆုရရှိသူ သင်တန်းသား ဟိန်းသက်စိုး



စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ဖွန့်ဖူးငုံ

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းသား/သင်တန်းသူများအား စစ်မှုထမ်းခန့်အပ်ခြင်းနှင့် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းဆင်းအမှတ်စဉ် (၁၉)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းဆင်းအမှတ်စဉ်(၆)တို့မှ သင်တန်းသား၊ သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်းနှင့် (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက်တွင် ကျင်းပခဲ့ပါသည်။

- နံနက်ပိုင်းတွင် ဆေးဝန်ထမ်းတာဝန် ခန့်အပ်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ စစ်ရေးချုပ်က ကျောင်းဆင်းသင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာပေးအပ်ခဲ့။
- နေ့လည်ပိုင်းတွင် ဘွဲ့နှင်းသဘင်အခမ်းအနားပြုလုပ်ခဲ့ရာ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့ ၅၂ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ၄ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ ၇ ဦး၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ၅ ဦး၊ ခန္ဓာသန်စွမ်းမှုနည်းပညာ ၅ ဦး၊ ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ ၂ ဦး စုစုပေါင်း ၇၅ ဦးတို့အား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းခဲ့ပြီး သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ၁၅ ဦးအား အဝေးရောက်ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ရာ ယနေ့အထိ သူနာပြုပါရဂူဘွဲ့ ၂၄ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ၂၄၁ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၄၂၀ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ ၁၈၄ ဦး၊ သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) ၁၁၃ ဦး၊ ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာ ဒီပလိုမာဘွဲ့ ၁၆ ဦး၊ အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာဘွဲ့ ၂၂ ဦး၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာဘွဲ့ ၆၅ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၃,၂၁၆ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ၂၁၃ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ ၆၂၆ ဦး စုစုပေါင်း ၅,၁၄၀ ဦးတို့အား ဘွဲ့များအပ်နှင်းပေးခဲ့ပြီးဖြစ်ပါသည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ နည်းပြအရာရှိများ နိုင်ငံတကာအဆင့်မီအတတ်ပညာများရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့ သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူ ၅ ဦးနှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် သင်တန်းသူ ၈ ဦး၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့သို့ သူနာပြု




**တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပနေမှု**

မဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့ တက်ရောက်ခဲ့သူ ၆ ဦး နှင့် အင်ဒိုနီးရှားနိုင်ငံ Air Langer University သို့ သူနာပြုဘွဲ့လွန်သင်တန်း တက်ရောက်ခဲ့သူ ၂ ဦး စုစုပေါင်း ၂၁ ဦးတို့သည် အထက်ပါတက္ကသိုလ်များသို့ တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၂-၂၀၂၁)**

- **သူနာပြုသိပ္ပံဘွဲ့ ၅၂ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ၄ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာ ဘွဲ့ ၇ ဦး၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ၅ ဦး၊ ခန္ဓာသန်စွမ်းမှုနည်းပညာ ၅ ဦး၊ ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာ သိပ္ပံဘွဲ့ ၂ ဦး စုစုပေါင်း ၇၅ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့။**
- **တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ယနေ့အထိ သူနာပြုပါရဂူဘွဲ့ ၂၄ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာ အသံလွှင့်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်း ပညာဒီပလိုမာဘွဲ့၊ အထူးကြပ်မတ်သူနာပြုစုမှု ဒီပလိုမာဘွဲ့၊ ခွဲစိတ်ခန်းသူနာပြုစုမှု ဒီပလိုမာဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်း ပညာသိပ္ပံဘွဲ့ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၅,၁၄၀ ဦးတို့အား ဘွဲ့များအပ်နှင်းပေးခဲ့။**
- **ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol Universityနှင့် အင်ဒိုနီးရှားနိုင်ငံ Air Langer University တို့သို့ စေလွှတ်ပညာသင်ကြားစေခဲ့။**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပ



(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက်တွင် ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နေပြည်တော်ရှိ လီဆူတိုင်းရင်းသားများကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးက -

- တိုင်းပြည်ငြိမ်းချမ်းမှ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ပြည်သူများလည်း စားဝတ်နေရေး ပြေလည်မည်ဖြစ်ကြောင်း။
- တိုင်းပြည်တိုးတက်ရေးအတွက် ခေါင်းဆောင်မှု၊ မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ အဓိကကျပြီး တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများ မပပျောက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် လီဆူတိုင်းရင်းသားများကိုယ်စားလှယ်တို့က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၈-၁၂-၂၀၂၁)**

- **တိုင်းပြည်ငြိမ်းချမ်းမှ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ပြည်သူများလည်း စားဝတ်နေရေး ပြေလည်မည်ဖြစ်။**
- **တိုင်းပြည်တိုးတက်ရေးအတွက် ခေါင်းဆောင်မှု၊ မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ အဓိကကျပြီး တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများ မပပျောက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)နှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ လှည့်လည်ကြည့်ရှုစစ်ဆေး





ဒီဇင်ဘာလ ၂၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မင်္ဂလာဒုံမြို့နယ်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)နှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်းများနှင့် အထူးကြပ်မတ်ကုသဆောင်များ ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက–

- ကိုဗစ်–၁၉ နောက်ထပ်လှိုင်းအတွက် ပြင်ဆင်ရာတွင် ဆေးဝါး၊ ဆေးပစ္စည်း၊ အောက်ဆီဂျင်နှင့် လူနာကုတင်များ အလုံအလောက်စီစဉ်ထားရှိရန်။
- ကိုဗစ်–၁၉ ရောဂါအတွက် ပြင်ဆင်ထားရှိရန် အရေးကြီးသကဲ့သို့ အရေးပေါ်ဆေးကုသမှုလုပ်ငန်းများနှင့် ပုံမှန်ဆေးကုသမှုလုပ်ငန်းများကိုလည်း အားဖြည့်ဆောင်ရွက်ရန်။
- ဆေးရုံ၏ ဆေးကုသရေးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ထရိုက်စနစ်ဖြင့် ငှားရမ်း၍ ဆောင်ရွက်သွားရန်။
- ပြည်သူများအကျိုးကိုရှေးရှု၍ ဝန်ကြီးဌာနသို့ အလုပ်တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဌာနကင်းကွာဝန်ထမ်းများကိုလည်း ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့် အညီစိစစ်၍ ပြန်လည်လက်ခံပေးလျက်ရှိကြောင်း ပြောကြားခဲ့။

ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံတာဝန်ရှိသူများ၏ လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၈–၁၂–၂၀၂၁)**

- **ကိုဗစ်–၁၉ နောက်ထပ်လှိုင်းအတွက် ပြင်ဆင်ရာတွင် ဆေးဝါး၊ ဆေးပစ္စည်း၊ အောက်ဆီဂျင်နှင့် လူနာကုတင်များ အလုံအလောက်စီစဉ်ထားရှိရန်။**
- **ကိုဗစ်–၁၉ ရောဂါအတွက် ပြင်ဆင်ထားရှိရန် အရေးကြီးသကဲ့သို့ အရေးပေါ်ဆေးကုသမှုလုပ်ငန်းများနှင့် ပုံမှန်ဆေးကုသမှုလုပ်ငန်းများကိုလည်း အားဖြည့်ဆောင်ရွက်ရန်။**
- **ဝန်ကြီးဌာနသို့ အလုပ်တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဌာနကင်းကွာဝန်ထမ်းများကိုလည်း ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်၍ ပြန်လည်လက်ခံပေးလျက်ရှိ။**

# အိန္ဒိယနိုင်ငံမှ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး (၆ ဒသမ ၇) သန်း ပထမအသုတ်ရောက်ရှိ



မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၊ Serum Institute of India Private Limited (SII)နှင့် Serum Institude Life Sciences Private Limited မှ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး စုစုပေါင်း ၁၃ ဒသမ ၄ သန်း ဝယ်ယူထားရာ ဒီဇင်ဘာလ ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပထမအသုတ်အဖြစ် ၆ ဒသမ ၇ သန်း ရောက်ရှိခဲ့ပါသည်။

- မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး(၆ ဒသမ ၇)သန်း (10 doses per Vial ထုပ်ပိုးမှုပုံစံ)ဆေးအလုံးရေ ၆၇၀,၀၀၀ ဆေးပုံးအရေအတွက် ၅၅၉ ပုံးတို့အား ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လက်ခံခဲ့။
- COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဆေးတစ်ပုလင်းလျှင် လူ ၁၀ ယောက်ထိုးနိုင်ပြီး လူဦးရေ doses ၆,၇၀၀,၀၀၀ အတွက် လုံလောက်စွာထိုးနိုင်မည်ဖြစ်။
- ရောက်ရှိလာသောကာကွယ်ဆေးများကို မူလဦးတည်အုပ်စုများနှင့် ထပ်မံတိုးချဲ့ထားသော ဦးတည်အုပ်စုများအား ဦးစားပေးအစီအစဉ်များအလိုက် ထိုးနှံပေးသွားမည်ဖြစ်။

၂၇-၁၂-၂၀၂၁ ရက်အထိ ပြည်ပနိုင်ငံများမှ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိမှုများအနေဖြင့် COVISHIELD ၈.၇ သန်း၊ Sinopharm ၂၆.၇ သန်း၊ Sinovac ၃ သန်း စုစုပေါင်း ၃၈.၄ သန်း၊ လှူဒါန်းမှုများအနေဖြင့် COVISHIELD ၂.၅ သန်း၊ Sinopharm ၃.၆ သန်း၊ Sinovac ၆ သန်း၊ Covaxin ၀.၇ သန်း၊ Sputnik-V ၁,၇၀၀၊ စုစုပေါင်း ၁၂.၈ သန်းဖြင့် ကာကွယ်ဆေးရရှိမှုစုစုပေါင်း ၅၁.၁၇ သန်းရရှိပြီးဖြစ်သောကြောင့် ကာကွယ်ဆေးထိုးမှုအား အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၂-၂၀၂၁)**

- **အိန္ဒိယနိုင်ငံမှဝယ်ယူထားသည့် COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေးစုစုပေါင်း ၁၃ ဒသမ ၄ သန်းအနက် ပထမအသုတ်အဖြစ် ၆ ဒသမ ၇ သန်းရောက်ရှိခဲ့။**
- **COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဆေးတစ်ပုလင်းလျှင် လူ ၁၀ ယောက်ထိုးနိုင်ပြီး လူဦးရေ doses ၆,၇၀၀,၀၀၀ အတွက် လုံလောက်စွာထိုးနိုင်မည်ဖြစ်။**
- **၂၇-၁၂-၂၀၂၁ ရက်အထိ ပြည်ပနိုင်ငံများမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးပေါင်း ၃၈.၄ သန်း နှင့် လှူဒါန်းမှုမှ ၁၂.၈ သန်းရရှိခဲ့ရာ စုစုပေါင်း ၅၁.၁၇ သန်းလက်ခံရရှိခဲ့ပြီးဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၄၅,၉၀၇ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၆၈,၆၆၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဒီဇင်ဘာလ ၂၇ ရက် တွင် ဒုတိယအကြိမ်အဖြစ် ၄,၀၇၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၃,၈၀၈ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာလ ၂၇ ရက် အထိ ကျောင်းသား/သူစုစုပေါင်း ၁,၄၇၄,၆၅၁ ဦးကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးလေယာဉ်(Relief Flight)ဖြင့် ဒီဇင်ဘာလအတွင်း ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများထံမှ ဓာတ်ခွဲနမူနာ ၂၀ ခုအားရယူ၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် SARS-CoV-2 Variant Omicron Real Time PCR Testing နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်)မတွေ့ရှိရကြောင်း သတင်းထုတ်ပြန်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၇ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁,၂၀၇ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၀ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၇၈ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၇-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၉၉၂,၅၈၂ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၉,၈၁၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၅၇ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၂-၂၀၂၁)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံများ



ခန္တီးမြို့နယ်ရှိ ကျောင်းသား/ကျောင်းသူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



ကျောက်ဆည်မြို့နယ်ရှိ ပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



တာလေမြို့ရှိ ပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



မောက်မယ်မြို့နယ်ရှိ ပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၄၅,၉၀၇ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၆၈,၆၆၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- ၂၇-၁၂-၂၀၂၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၄၇၄,၆၅၁ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများထံမှ ဓာတ်ခွဲနမူနာ ၂၀ ခုအား ဓာတ်ခွဲစစ်ဆေးခဲ့ရာ(အိုမီခရွန်) မတွေ့ရှိ။
- ၂၇-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၉၉၂,၅၈၂ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၉,၈၁၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၅၇ ဦးဖြစ်ပြီး ၂၇-၁၂-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၇၈ ရာခိုင်နှုန်းရှိ။

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်လကျော်ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၄၆၇ သန်းရရှိ

မြန်မာနိုင်ငံတွင် အဓိကသီးနှံများအဖြစ် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါနှင့် ကြံတို့ကို စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ကာ ပဲမျိုးစုံအနေဖြင့် တစ်နိုင်ငံလုံး လယ်ယာထွက်ကုန် ထွက်ရှိမှု၏ ၃၃ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်လကျော်ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှာ-

- အောက်တိုဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၁၇ ရက်အတွင်း ပင်လယ်ရေကြောင်းမှ ၂၇၅,၇၅၂.၃၃၃ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၇.၉၅၅ သန်း။
- နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၁၅,၄၇၇.၅၁၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄.၅၁၂ သန်းရရှိခဲ့သောကြောင့် စုစုပေါင်းတန်ချိန် ၂၉၁,၂၂၉.၈၅ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၂.၄၆၇ သန်းရရှိခဲ့။

ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံအနက် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၂-၂၀၂၁)**

- **အောက်တိုဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၁၇ ရက်အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှတစ်ဆင့် ပြည်ပသို့ ပဲမျိုးစုံ ၂၉၁,၂၂၉.၈၅ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၂.၄၆၇ သန်းရရှိခဲ့။**

## မန်စီကျေးရွာအတွင်းရှိ ကျေးရွာသူ၊ ကျေးရွာသားများအား အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသောဆန်များ ထောက်ပံ့ပေးအပ်





ဒီဇင်ဘာလ ၂၂ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ မန်စီကျေးရွာအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိနေကြောင်းသတင်း ရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းဆောင်ရွက်ခဲ့စဉ် ၎င်းတို့မှာ ရွာ၏ အနောက်တောင်ဘက်သို့ဆုတ်ခွာသွားခဲ့ပြီး အကြမ်းဖက်သမားများက ပြည်သူများထံမှ အတင်းအဓမ္မကောက်ခံထားသည့် ဆန် ၂၂ အိတ်အား ၎င်းတို့၏အမာခံများထံမှ သိမ်းဆည်းရမိခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်းအကြမ်းဖက်မှုနှင့် ပါဝင်ပတ်သက်ခြင်းမရှိသော ကျေးရွာသူ၊ ကျေးရွာသားများအား သိမ်းဆည်းရမိသည့်ဆန် ၂၂ အိတ်ကို ဖြန့်ဝေ

ပေးအပ်ခဲ့ကြောင်းနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာများတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူလူထု၏ သတင်းပေးပို့ချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့ရွာများတွင် ခိုအောင်းနိုင်ခြင်းမရှိစေရေး သတင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။ ထိုသို့ ဖော်ထုတ်ဖမ်းဆီးရာတွင် အကြမ်းဖက်သမားများနှင့် သက်ဆိုင်ခြင်းမရှိသော ပြည်သူများအား လုံခြုံရေးစောင့်ရှောက်မှုအပါအဝင် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၂-၂၀၂၁)**

- **လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် ကျေးရွာသူ၊ ကျေးရွာသားများအား သိမ်းဆည်းရမိခဲ့သည့် ဆန် ၂၂ အိတ်ကို ဖြန့်ဝေပေးအပ်ခဲ့။**

---

## ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတား၌ လက်လုပ်မိုင်းနှစ်လုံး အချိန်မီဖော်ထုတ်သိမ်းဆည်း



**ကော့ကရိတ်မြို့နယ်၊ ကော့နွဲ့တံတား၌ တွေ့ရှိခဲ့သည့် ဒေသန္တရလက်လုပ်မိုင်း**

ဒီဇင်ဘာလ ၂၄ ရက်တွင် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ကျေးရွာအနီး ကော့နွဲ့တံတားအောက်၌ လက်လုပ်မိုင်းနှစ်လုံးကို အချိန်မီဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ပါသည်။

ဖြစ်စဉ်မှာ KNLA လက်အောက်ခံတပ်မှူးအချို့နှင့် NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့သည် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ကျေးရွာအနီး အရှည် ၁၉၆ ပေ၊ အကျယ်ပေ ၄၀ ရှိ သံကူ ကွန်ကရစ်တံတားကြမ်းခင်းအောက်၌ ယမ်းအပြည့်ဖြည့်ထားသော စနက်ကြိုးတပ်လျက် ငါးဂါလန်ပုံးနှစ်ပုံးဖြင့် မိုင်းထောင်ထားရှိမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တွေ့ရှိပြီး အချိန်မီရှင်းလင်းနိုင်ခဲ့ပါသည်။

အဆိုပါ ငါးဂါလန်ပုံးနှစ်ပုံးဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းများကို အချိန်မီဖယ်ရှားနိုင်ခြင်းမရှိပါက ၎င်းပုံးများတွင် တပ်ဆင်ထားရှိသော အားပြင်းယမ်းများ၏ ပေါက်ကွဲမှုကြောင့် ကော့နွဲ့တံတားသည် လုံးဝဥဿုံပျက်စီးပြီး မြဝတီ-ကော့ကရိတ် အဓိကဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်သွားမည်ဖြစ်ပါသည်။



**ကော့ကရိတ်မြို့နယ်၊ ကော့နွဲ့တံတား၌ တွေ့ရှိခဲ့သည့် ဒေသန္တရလက်လုပ်မိုင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်နေမှု**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ အဆောက်အဦများနှင့် လမ်းတံတားများကို မီးရှို့ဖျက်ဆီးခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ၎င်းတို့၏ ဆင်ခြင်တုံတရားမဲ့လုပ်ရပ်များကြောင့် ပြည်သူများ၏ နေ့စဉ် လူမှုစီးပွားရေးလုပ်ငန်းများ ထိခိုက်လျက်ရှိသဖြင့် အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများက ဆန့်ကျင်လျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်တွင် ပါဝင်ခဲ့သည့်အကြမ်းဖက်သမားများဖမ်းဆီးရမိရေးနှင့် ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၂-၂၀၂၁)**

- **ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားအောက်၌ KNLA နှင့် PDF အကြမ်းဖက်အဖွဲ့မှ ပြုလုပ်ထားသည့်လက်လုပ်မိုင်းနှစ်လုံးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့။**